မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ______ *Volume 5/ Issue 6/ June / 2012*

# *Happy Father's day (June 17,2012)*




## *A Father*

*A Father provides the foundation of strength, wisdom and hopes,*
*So that his children may build their dreams upon it.*
*~ Unknown*

*A Father is neither an anchor to hold us back, nor a sail to take us there, but the guiding light whose loves show us the way.*
*~ Unknown*

*A father is a man who expects his children to be as good as he meant to be. ~ Unknown*

*Any man can be a father. It takes someone special to be a dad."*
*~ Unknown*

*One father is more than a hundred schoolmasters.*
*~ George Herbert*

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# ဖခင်တို့အတွက်သမ္မာကျမ်းစာမှလမ်းညွှန်မှုများ

## Ispiritration Bible Verses for Fathers

အကျွန်ုပ်တို့၏ဘုရားသခင်၊ ကိုယ်တော်သည် စိတ်နှလုံးကိုစစ်၍ ဖြောင့်မတ်ခြင်း သဘောကို နှစ်သက်တော်မူသည်ကို အကျွန်ုပ်သိပါ၏။ ၁ရာဇဝင်ချုပ်၊ ၂၉း၁၇

*I know, my God, that you test the heart and are pleased with integrity ...*
1 Chronicles 29:17 (NIV)

*

ထိုအခါ ငါက၊ မထိတ်လန့်ကြနှင့်၊ သူတို့ကို မကြောက်ကြနှင့်။ သင်တို့ရှေ့မှာကြွတော်မူသော သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ မျက်မှောက်၊ အဲဂုတ္တုပြည်၌ရှင်း၊ သင်တို့ လိုက်လာသော လမ်းတရှောက်လုံး၊ ဤအရပ်တိုင်အောင် အဘသည် သားကိုချီပိုက်သကဲ့သို့၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့ကို ချီပိုက်တော်မူမည်။ တရားဟော၁း၂၉–၃၁

*Then I said to you, "Do not be terrified; do not be afraid of them. The LORD your God, who is going before you, will fight for you, as he did for you in Egypt, before your very eyes, and in the desert. There you saw how the LORD your God carried you, as a father carries his son, all the way you went until you reached this place."* Deuteronomy 1:29-31 (NIV)

*

သင့်ကို ငါမှာထားသည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။ ယောရှု၊ ၁း၉

*...Be strong and courageous. Do not be terrified; do not be discouraged, for the Lord your God will be with you wherever you go.* Joshua 1:9 (NIV)

*

ငါသည် လာ၍သင်တို့၏ ပြည်ကိုကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့်အဘတို့ကိုရင်း၊ အဘတို့နှင့် သားတို့ကိုရင်း အသင့်အတင့်ဖြစ်စေမည်ဟုမိန့်တော်မူ၏။

*He will turn the hearts of the fathers to their children, and the hearts of the children to their fathers; or else I will come and strike the land with a curse.* Malachi 4:6 (NIV)

*

အဘသည် သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သော သူတို့ကို သနားစုံမက်တော်မူ၏။

*As a father has compassion on his children, so the LORD has compassion on those who fear him;* Psalm 103:13 (NIV)
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

*
ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏ အပြစ်ကို စစ်ဆေး တော်မူသော
အခါ စိတ်မပျက်စေနှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ နှစ်သက်
တော်မူသော သားကို ဒဏ်ခတ်တော်မူတတ်၏။

*My son, do not despise the LORD's discipline and do not resent his rebuke, because the LORD disciplines those he loves, as a father the son he delights in.* Proverbs 3:11-12 (NIV)

*
အကြောင်းမူကား၊ ထာဝရဘုရားသည် သဘောကောက်သောသူတို့ကို စက်ဆုပ်ရွံ့ရှာတော်မူ၏။
ဖြောင့်မတ်သောသူတို့မူကား၊ ကိုယ်တော်နှင့် မိဿဟာယ ဖွဲ့ရသောအခွင့်ရှိကြ၏။ သုတ္တံ၊ ၃း၃၂

*For the LORD detests a perverse man but takes the upright into his confidence.* Proverbs 3:32 (NIV)

*
ဖြောင့်မတ်ခြင်းလမ်း သို့ လိုက်သောသူသည် အနင်းမှန်လိမ့်မည်။ ကောက်သောလမ်းသို့ လိုက်သော
သူမူကား၊ သဘောထင်ရှားလိမ့်မည်။

*The man of integrity walks securely, but he who takes crooked paths will be found out.* Proverbs 10:9 (NIV)

*
ဥာဏ်ရှိ သောသူသည်ပညာကိုမျက်မှောက် ပြုတတ်၏။ မိုက်သောသူ၏ မျက်စိမူကား၊ မြေကြီးစွန်း
တိုင်အောင်လှည့်၍ ကြည့်ရှုတတ်၏။

*A discerning man keeps wisdom in view,*
*but a fool's eyes wander to the ends of the earth.* Proverbs 17:24 (NIV)

*
သိပ္ပံအတတ်နှင့် ပြည့်စုံသောသူသည်စကာမများတတ်။ ဥာဏ်ကောင်းသောသူသည်လည်း သော
စိတ်ရှိတတ်၏၊ ၂၈မိုက်သောသူပင် တိတ်ဆိတ်စွာနေလျှင် ပညာရှိဟူ၍ရင်း၊ မိမိနှုတ်ကို မဖွင့်ဘဲ
နေသောသူကိုလည်း ဥာဏ်ကောင်း သောသူဟူ၍ရင်း သူတပါးထင်တတ်၏။ သုတ္တံ၊ ၁၇း၂၇

*A man of knowledge uses words with restraint,*
*and a man of understanding is even-tempered.* Proverbs 17:27 (NIV)

*
သင့်ကို ဖြစ်ဘွားစေသော အဘ၏ စကားကို နားထောင်လော့။ အသက်ကြီးသော အမိကို မထီမဲ့မြင်
မပြုနှင့်။ သုတ္တံ၊ ၂၃း၂၂

*Listen to your father, who gave you life, and do not despise your mother when she is old.* Proverbs 23:22 (NIV)

*
ဖြောင့်မတ်သောသူ၏ အဘသည် အလွန်ဝမ်း မြောက်လိမ့်မည်။ ပညာရှိသောသားကို ဖြစ်ဘွားစေသော
သူသည် ထိုသား၌ အားရဝမ်းမြောက်လိမ့်မည်။ **သုတ္တံ၊ ၂၃း၂၄**

*The father of a righteous man has great joy; he who has a wise son delights in him.* Proverbs 23:24 (NIV)

*
အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမ
သွန်သင်ခြင်း ကို ပြုလျက်ကျွေးမွေးကြလော့။ ဧဖက်၊ ၆း၄

*Fathers, do not exasperate your children; instead, bring them up in the training and instruction of the Lord.* Ephesians 6:4 (NIV)

*
အဘတို့၊ ကိုယ်သားသမီးကိုစိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင်၊ သူတို့သည်အားလျော့စိတ်ပျက်
ခြင်းသို့ ရောက်ကြလိမ့်မည်။ ကောလောသဲ၊ ၃း၂၁

*Fathers, do not embitter your children, or they will become discouraged.* Colossians 3:21 (NIV)

*
သင်တို့သည် ဆုံးမတော်မူခြင်းကိုခံလျှင်၊ သားတို့ကိုပြုသကဲ့သို့၊ ဘုရားသခင်သည် သင်တို့ ကိုပြုတော်
မူ၏။ အကြောင်းမူကား၊ အဘမဆုံးမသောသား တစုံတယောက်ရှိသလော။ ဟေဗြဲ၊ ၁၂း၇

*Endure hardship as discipline; God is treating you as sons. For what son is not disciplined by his father?* Hebrews 12:7 (NIV)




~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# GOOD FATHER

# ဖခင်ကောင်း

ရွှေကျမ်းချက်၊—
ဧဖက်သြဝါဒစာ၊ အခန်းကြီး ၆၊ အခန်းငယ် ၄။
အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်၊ သခင်ဘုရား၏
အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက် ကျွေးမွေးကြလော့။

ဖခင်များနေ့ရောက်သည့်အခါတိုင်း အိမ်ထောင်၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ၊ စုစုဝေးဝေး စည်စည်ကားကားနှင့်ပျော်ပျော်ပါးပါး ညစာကို မြိန်ရှက်စွာ စားသောက်ကြသည်။ ဖခင်များကိုလည်းဂုဏ်ပြုကြသည်။ လက်ဆောင်ပေးကြသည်။ ဆုမွန်ကောင်းတောင်းပေးသည်။ ဖခင်များနေ့ကျင်းပရန် လွယ်ကူသော်လည်း ဖခင်ကောင်း ဖြစ်ဖို့ရန်မှာ မလွယ်ကူပါ။ အထူးသဖြင့် ဤကဲ့သို့ စီးပွားရေးကျပ်တည်းနေသော အချိန်၌ပို၍ခက်ခဲပါသည်။ ကောင်းသောဖခင်တစ်ဦးဖြစ်ရန် လိုအပ်သော အင်္ဂါရပ်ခြောက်ပါးကိုအင်္ဂလိပ်စာလုံး ***FATHER*** ၌ပါဝင်သော အင်္ဂလိပ်အက္ခရာတစ်လုံးစီကို လိုက်၍၊ အောက်ပါအတိုင်း အနက်အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါသည်။

## *F : Forgiveness* ခွင့်လွှတ်ခြင်း၊

အိမ်ထောင်တွင်း၌ ဖခင်ဖြစ်သူသည် စည်းကမ်းကို တင်းကျပ်ပေးသူ ဖြစ်ပါသည်။ သားသမီးတို့သည် ဖခင်ကို ချစ်ကြောက်ရိုသေသော်လည်း အပြစ်ပြုလုပ်မိပြီဟုဆိုလျှင် ဖခင်ကို ချဉ်းကပ်လေ့မရှိ။ ပို၍ကြင်နာသော ပို၍ခွင့်လွှတ်တတ်သော မိခင်ကို ချဉ်းကပ်လေ့ရှိသည်။ သားသမီးတို့ ကြီးထွားကြရာတွင် တစ်ချိန်မဟုတ်တစ်ချိန် အပြစ်လုပ်မိမှာ သေချာသည်။ ထိုအခါ အပြစ်ရှိသော သားသမီးကို ချစ်ကြောင်း ခွင့်လွှတ်ကြောင်း ပြောပြနိုင်ရမည်။ ပြီးမှ လမ်းမှန်သို့ရောက်အောင် ဘုရားသခင်၏အလိုတော်နှင့် အညီ ဆုံးမသွန်သင်သင့်ပါသည်။

## A : Active ကိုယ်တိုင်ပါဝင်ခြင်း၊

ကျွန်ုပ်တို့မြန်မာ့အိမ်ထောင် မိသားစုများတွင် များသောအားဖြင့် မိခင်ဖြစ်သူသည် သားသမီးများ၏ရေးရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဝေယျာဝစ္စအဝဝတွင် ပါဝင်တတ်ပါသည်။ ဖခင်မှာမူကားများသောအား ဖြင့်စီးပွားရေးကိုသာ အာရုံစိုက်တတ်သည်။ ကလေးများကို မိခင်လက်၌အပ်ထားသည်။ ဖြစ်သင့်သည်မှာ သားသမီးများ၏ လုပ်ရှားမှုအသီးသီး၌ သားသမီးများနှင့်အတူ ကိုယ်တိုင်ပါဝင်လုပ်ရှားခြင်းပင်ဖြစ်သည်။ သို့မှသာလျှင် သားသမီးများနှင့် ပိုမိုခင်မင်ရင်းနှီးမှု ရှိလာမည်။ သူတို့၏ ခင်မင်ရင်းနှီးမှု၊ ယုံကြည်အားကိုးမှုများကို ရရှိကာ တိုင်ပင်ဖော် တိုင်ပင်ဖက်များ ဖြစ်လာမည်။

## T : Time အချိန်ပေးခြင်း၊

သားသမီးများ၏ လိမ္မာတိုးတက်မှုမှာ ဖခင်သည် မိမိ၏ကလေးများကို သီးခြားအချိန် ပေးနိုင်မှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ ဆိုလိုသည်မှာ ဖခင်သည် မိမိကလေးကို အချိန်ပေးနိုင်လေလေ ကလေး၏လိမ္မာတိုးတက်မှုများလေလေ ဖြစ်သည်။ မလာမရောက် မပါဝင်သောဖခင် (absent Father)သည် ယခုခေတ်အခါ၌ ကလေးလူငယ်များ၏ အတွေးအခေါ်လွဲချော်မှုနှင့် ပြစ်မှုကျူးလွန်မှု၏ အကြောင်းရင်းပင်ဖြစ်သည်။ ထို့ကြောင့် ဖခင်သည် ကလေးများအတွက်ဆိုလျှင် မည်သို့ပင် မအားလပ်စေကာမူ တတ်နိုင်သလောက် အမြဲတံခါးဖွင့် ထားသင့်ပါသည်။ ကလေး၏ လိုအပ်သောအခါတွင် အချိန်ပေးနိုင်အောင် ကြိုးစားရမည်။ တနည်းအားဖြင့် အင်္ဂလိပ်လို ပြောလျှင် Be open and available ဖခင်ဖြစ်သူသည် သည်းခံသော စိတ်ရင်းစေသနာဖြင့် ကလေး၏ကြီးထွားရာ ဘဝလမ်းကြောင်းပေါ်တွင် လုံလောက်သောအချိန်ကို ပေးနိုင်ရန် တတ်နိုင်သမျှ ကြိုးစားရပါမည်။

တခါတုံးက အရက်သမား ဖခင်တစ်ယောက်ရှိသည်။ သူသည် ရုတ်တရက် အရက်သောက်ချင်သောအာသီသ အလွန်ပြင်းထန်လာသဖြင့် အရက်ဝယ်ရန် ထွက်သွားသည်။ အနောက်၌ ခြေသံကြားသဖြင့်လှည့်ကြည့်လိုက်ရာ သူ၏သားသည် သူ့နောက်သို့လိုက်လာကြောင်း တွေ့လိုက်သည်။ အရက်သမားဖခင်သည် သူ၏သား အတုမြင်အတတ်သင်၍ သူကဲ့သို့အရက်သမားဖြစ်ပြီး ဘဝတုံးသွားမည်ကို စဉ်းစားမိသောအခါ ဇောချွေးပြန်လာသည်။ ကြောက်လန့်လာသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။ အရက်အလွန်သောက်ချင်နေသော်လည်း အိမ်ဖက်သို့ပြန်လှည့်လိုက်သည်။ ဖခင်တစ်ယောက်၏ အလွန် စိတ်နာကြောက်ရွံ့သောအချက်မှာ ကိုယ့်ကလေးသည် ကိုယ်၏ချို့ယွင်းချက်နှင့် မှားယွင်းချက်တို့ကို ဆက်ခံသွားခြင်း ဖြစ်သည်။

## H : Harmony အဆင်ပြေညီညွတ်ခြင်း၊

အိမ်ထောင်ရေးအဆင်ပြေ၍ ယောင်နောက်ဆံထုံးပါသကဲ့သို့ လင်ရောမယားပါ ညီညွတ်ခြင်းရှိသော အိမ်ထောင်မှဆင်းသက်လာကလေးများသည် ပို၍ကျန်းမာသည်။ ပို၍ဖြတ်လတ်သည်ဟု အဆိုရှိပါသည်။ သခင်ခရစ်တော်ကို ဦးထိပ်ထား၍ မိခင်၏ နူးညံ့သိမ်မွေ့သောမေတ္တာကို ဖခင်၏ သန်မာခိုင်မြဲတည်ငြိမ်သောမေတ္တာနှင့်နားလည်မှုတို့ ပေါင်းထည့်လိုက်သောအခါ ရရှိသောဖြေမှာသာယာသောအိမ်ထောင်၊ အောင်မြင်သောအိမ်ထောင်၊ ချစ်မေတ္တာရှိသောအိမ်ထောင် ဖြစ်လာမည်။

## E : Encourage အားပေးခြင်း

ကျွန်ုပ်တို့မြန်မာပြည်မှ ဖခင်များသည် ကလေးများကို ချီးမွမ်းဖို့နေနေသာသာ မဝေဖန်ဘူးဆိုလျှင် ပင်တော်လှပြီဟုပြောရမည်။ ကလေးမည်မျှပင်တော်သည်ဖြစ်စေ ချီးမွမ်းလိုက်လျှင် ကလေးဘဝင်မြင့်သွားမည်ကို စိုးရိမ်သည်။ ရောင့်တက်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ မြန်မာပြည်မှ ဖခင်များသည် များသောအားဖြင့် ကလေးများကို တင်းတင်းကျပ်ကျပ် ထိန်းကွပ်သည်။ ချီးမွမ်းထိုက်သည်ကို မချီးမွမ်းဘဲ ကလေးကို တိုးတက်စေသောစေတနာဖြင့် ဝေဖန်ခြင်းများကိုသာပြုလုပ်သည်။ တင်းလွန်းသောကြိုးသည် ပြတ်သွားတတ်သကဲ့သို့ တင်းကြပ်လွန်းလျှင် ကလေးကပြန်လည်ပုန်ကန်၍ ပျက်စီးသွားသောသာဓကများရှိပါသည်။ ထို့ကြောင့် ကလေးကို ချီးမွမ်းထိုက်သောအခါ ချီးမွမ်းရမည်။ အားပေး သင့်သောအခါ အားပေးရမည်။ ဝေဖန်သင့်သောအခါ ဘုရားသခင်၏ အလိုတော်နှင့်အညီ ဆုံးမသွန်သင်ရမည်။

## R : Rest & Read အနားယူခြင်းနှင့်စာဖတ်ခြင်း

ကြားဘူးပါသည်။ ဖခင်ဖြစ်သူသည် စားဝတ်နေရေးအတွက် ချွေးမြေတောက်တောက်ကျသည်ဤထိ အလုပ်အလွန်ကြိုးစားစွာ လုပ်ကြသဖြင့် မည်သည်ကိုမျှ ခရုမစိုက်နိုင်တော့ဘဲ အလွန်အကျွံဖြစ်လာကာ ကျမ်းမာရေးက ထိခိုက်ပြီး အသက်မဆုံးရှုံးသည့်တိုင်အောင် အိမ်ထောင်ရေးကို ထိခိုက်သောဖြစ်ရပ်များရှိသည်။ အချို့လည်း သားကွဲမယားကွဲ၊ အိမ်ထောင်ကွဲသွားသည့်အထိ ဖြစ်သွားသည်။ အိမ်ထောင်ဦးစီးဖြစ်သဖြင့် ကိုယ်တခုခု ဖြစ်သွားလျှင် ခလေးများမည်မျှ ထိခိုက်သွားနိုင်သည်ကို နားလည်ဖို့လိုသည်။ အိမ်ထောင်နှင့်ကလေးများ၏ နောင်ရေးအတွက် တာဝန်ရှိကြောင်းသိရမည်။ ဘုရားသခင်ကို အားကိုး၍ ကိုယ့်ကိုယ်ကို ဂရုစိုက်ရမည်။ အချိန်ပေးအနားယူခြင်းဖြင့်၎င်း၊ ဆုတောင်းခြင်းဖြင့်၎င်း၊ ဝိညာဉ်ရေးဆိုင်ရာစာအုပ်စာတမ်းများဖတ်ရှုခြင်းဖြင့်၎င်း၊ အသင်းတော်ဆိုင်ရာလုပ်ငန်း၌ပါဝင်ခြင်းဖြင့်၎င်း၊

ဝါသနာပါသော လူမှုရေးလုပ်ငန်းတစ်ခုခု၌ ပါဝင်ခြင်းဖြင့်၎င်း၊ ကုန်သွားသော ကာယခွန်အား၊ ဉာဏခွန်အား၊ ဝိညာဉ်ခွန်အားစသည့် ခွန်အားများကို တတ်နိုင်သလောက်ပြန်လည်ဖြည့် စွမ်းတတ်ရမည်။ သို့မှ နိုင်ငံ၏လုပ်သားကောင်း၊ အသင်းတော်၏ခေါင်းဆောင်ကောင်း နှင့် အိမ်ထောင်၏ဖခင်ကောင်း ဖြစ်လာပါမည်။

**မှတ်ချက်** – June 28, 2009 နေ့ ၌ထုတ်သောတရုတ်သတင်းစာ World Journal တွင်ပါသော "ဖခင်ကောင်း၏အင်္ဂါရပ်ခြောက်ပါး"ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။ *~John Ma~*



---

# စောင့်၍ကြိုနေသောဖခင်

တစုံတယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအငယ်သည် အဘထံသို့သွား၍၊ အဘ၊ အကျွန်ုပ်ရထိုက်သော အမွေဥစ္စာကိုဝေ၍ပေးပါဟု တောင်းပန်လျှင်၊ အဘသည်ဥစ္စာများကိုဝေ၍ သားတို့အားပေးလေ၏။ ထိုနောက်များ မကြာ၊ သားအငယ်သည် မိမိဥစ္စာများကိုသိမ်းယူ၍ ဝေးစွာသောပြည်သို့သွားပြီးလျှင်၊ ထိုပြည်မှာ ကာမဂုဏ်၌လွန်ကျူးသောအားဖြင့် ဥစ္စာပြုန်းတီး၍၊ ရှိသမျှကုန်သောအခါ၊ ထိုပြည် ၌ ကြီးစွာသော အစာခေါင်းပါးခြင်းဖြစ်၍၊ သူသည်အလွန်ဆင်းရဲခြင်းသို့ရောက်၏။ ထိုအခါ ပြည်သားတယောက်ထံသို့သွား၍ အစေခံလျှင်၊ ဝက်တို့ကို ကျောင်းစေခြင်းငှါ သူ့သခင်သည် တောသို့စေလွှတ်သဖြင့်၊ သူသည် ဝက်စားတတ်သောပဲတောင့်ကိုပင် စားချင်မတတ်တော်မွတ်လျက်နေရ၏။ အဘယ်သူမျှအစာကိုမကျွေး။ ထိုအခါသတိရလျှင်၊ ငါ့အဘ၏အိမ်၌ အခစားသောသူများတို့သည် ဝစွာစားရကြ၏။ ငါမူကား ဤပြည်၌သေအောင် အငတ်ခံရ၏။ ငါထ၍ အဘထံသို့သွားမည်။ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကို၎င်း၊ ကိုယ်တော်ကို၎င်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သား ဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ။ သူငှါးအရာ၌ အကျွန်ုပ်ကိုထားတော်မူပါဟု ငါပြောမည်ဟူ၍ အကြံရှိသည်နှင့်၊ ထ၍အဘထံသို့သွားလေ၏။ သွား၍ ဝေးသေးသောအခါ အဘသည် သူ့ကိုမြင်လျှင်၊ သနားသော စိတ်ရှိသည်နှင့် ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဘက်လျက် နမ်းရှုပ်လေ၏။ သားကလည်း၊ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကို၎င်း၊ ကိုယ်တော်ကို၎င်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါဟု ဆိုလျှင်၊ အဘက၊ မြတ်သောဝတ်လုံကိုယူခဲ့၍သူ့ကို ခြုံကြ၊ သူ၏လက်၌ လက်စွပ်တန်ဆာကိုဆင်ကြ။ ခြေနင်းကိုလည်း စီးစေကြ။ ဆူအောင်ကျွေးသောနွားကလေးကို ယူ၍သတ်ကြ။ သို့ပြီးမှ ငါတို့သည် စားကြကုန်အံ့။ ပျော်မွေ့ခြင်းကို ပြုကြကုန်အံ့။ ငါ့သားသည်အထက်ကသေ၏၊ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏ဟု အစေအပါးတို့ကိုဆိုပြီးမှ၊ ထိုသူအပေါင်းတို့သည် ပျော်မွေ့ခြင်းကိုပြုကြ၏။ လုကာ၊၁၅း၁၁–၂၄

---

